DeKalb County School District
Dr. Devon Q. Horton, *အထူးကြီးကြပ်သူဌာနမှူး*

Mr. Diijon DaCosta, Sr.၊ *ဘုတ်အဖွဲ့ ဥက္ကဋ္ဌ*
Mrs. Deirdre P. Pierce, *ဒု ဥက္ကဋ္ဌ*
Mrs. Anna Hill
Mrs. Whitney McGinniss
Mrs. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

**လက်တလော သတင်းထုတ်ပြန်ချက်**

ဇွန်လ 27 ရက်၊ 2024

**ဆက်သွယ်ရန် -**
Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

# DeKalb ကောင်တီ ပညာရေးဘုတ်အဖွဲ့သည် အိမ်ခြံမြေအခွန်နှုန်းအား လျော့ချရန်ဟူသည့် ဝန်ထမ်းများ နှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် ကတိကဝတ်ပြုချက်အား ထင်ပေါ်ထင်ရှားစေသည့် FY25 ဘတ်ဂျက်ငွေလျာထားချက်အား ထောက်ခံခွင့်ပြုခဲ့

*အိမ်ခြံမြေအခွန်နှုန်းသည် ဒုတိယအကြိမ် နှစ်စဉ်ဆက်တိုက် .10 Mills လျော့ကျသွားခဲ့သည်*

(STONE MOUNTAIN, GA)- ဇွန်လ 24 ရက်တွင် DeKalb ကောင်တီ ပညာရေးဘုတ်အဖွဲ့ (*DCBOE*) သည် ဘဏ္ဍာနှစ် 2025 (*FY25*) ဘတ်ဂျက်ငွေလျာထားချက်အား ထောက်ခံခွင့်ပြုခဲ့ပြီး၊ ၎င်း၏ လက်ရှိနှင့် အနာဂါတ် ဝန်ထမ်းများအပေါ် ၎င်း၏ ခိုင်မာသော ကတိကဝတ်ထားရှိချက်အား လက်တွေ့ ပြသနိုင်ခဲ့သည်။ ဤဘုတ်အဖွဲ့၏ခွင့်ပြုချက်သည် ဇွန် 17 ရက် နှင့် ဇွန်လ 24 ရက်တို့တွင် ပြည်သူ့ဘဏ္ဍာငွေဆိုင်ရာ ကြားနာပွဲနှစ်ခုအပြီး၌ ဖြစ်ပေါ်လာခြင်းဖြစ်သည်။~~ကို အပြီးအစီးပြုလုပ်ခြင်းဖြစ်သည်။~~

ထို့ပြင် DCBOE သည် FY25 အတွက် အိမ်ခြံမြေအခွန်နှုန်းအား 22.88 ဖြစ်လာစေရန်မှာ 0.10 mills ထပ်မံလျော့ချဖို့ မဲပေးခဲ့သည်ဖြစ်ရာ လျော့ချမှုများ ၂နှစ်ဆက်တိုက် ဖြစ်လာမည် ဖြစ်သည်။ FY20 ကတည်းက ပုံသေတည်ရှိနေသော နှုန်းထားဖြစ်သည့် 23.08 အား FY24 တွင် 22.98 သို့ လျော့ကျစေခဲ့သည်။

"စာသင်ကျောင်းတွေ အားလုံးမှာရှိတဲ့ ကျောင်းသားဦးရေ အားလုံးရဲ့ အထွက်ရလဒ်ကို မြင့်တင်နိုင်ဖို့ ရှင်းလင်းပြတ်သားတဲ့ ပန်းတိုင်တစ်ခုနဲ့အတူ ဒီဘတ်ဂျက်ငွေလျာထားချက်ကို ကျွန်ုပ်တို့ စတင် စီမံရေးဆွဲခဲ့တာဖြစ်ပြီး၊ ဒီလုပ်ငန်းစဉ်ကနေတစ်ဆင့် ဘုတ်အဖွဲ့ ရဲ့ လမ်းညွှန်ချက်ကို ကျေးဇူးတင်မိပါတယ်၊" ဟု အထူးကြီးကြပ်သူဌာနမှူး ဖြစ်သည့် Dr. Devon Q. Horton မှ ဆိုသည်။ "ဒီဘတ်ဂျက်ငွေလျာထားချက်ဟာဆိုရင် ကျွန်ုပ်တို့ ဝန်ထမ်းတွေအပေါ်မှာ ရင်းနှီးမြှုပ်နှံမှုပြုပြီး၊ ကျွန်ုပ်တို့အပေါ် မှီခိုအားထားနေတဲ့ ကျောင်းသားတွေ၊ မိသားစုတွေနဲ့ ရပ်ရွာအဖွဲ့အစည်းတွေအပေါ် အပြုသဘော သက်ရောက်မှုရှိစေမဲ့ ထောက်ပံ့မှုစနစ်တွေကို မှန်ကန်စွာ ရန်ပုံငွေထောက်ပံ့ပေးခြင်းအားဖြင့် ကျွန်ုပ်တို့ရဲ့ တန်းတူညီမျှမှုရှိစေရေး ကတိကဝတ်ပြုချက်အပေါ် ရောင်ပြန်ထင်ဟပ်မှုရှိနေမှာ ဖြစ်ပါတယ်။"

ဘုတ်အဖွဲ့ ဥက္ကဋ္ဌဖြစ်သည့် Mr. Diijon DaCosta, Sr. မှမူ ဦးစားပေးအချက်များအား ဟန်ချက်ညီမျှစေရေး၊ မျှော်မှန်းထားသော အထွက်ရလဒ်များ၊ နှင့် လူထုရန်ပုံငွေများအပေါ် တာဝန်ယူမှုရှိသော စီမံခန့်ခွဲမှု အစရှိသည်တို့နှင့်စပ်လျဉ်းသည့် ဘုတ်အဖွဲ့၏ နှစ်မြှုပ်အားထုတ်ဆောင်ရွက်မှုများကို အထူးအလေးပေး ပြောကြားသွားခဲ့သည်။

"ကျွန်ုပ်တို့ရဲ့ ပညာသင်တွေအတွက် အခွင့်အလမ်းတွေ ဖွံ့ ဖြိုးတိုးတက်စေဖို့ အနာဂါတ်ကို ကြည့်ရှုနေစဉ် တစ်ဖက်မှာလည်း ခရိုင် လက်ရှိ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုအခက်အခဲတွေကို ဖြေရှင်းရာမှာ အမျှော်အမြင်ရှိစွာနဲ့ နည်းစနစ်ကျကျ လုပ်ဆောင်ပေးခဲ့တဲ့ Dr. Horton နဲ့ သူ့ရဲ့ ဝန်ထမ်းတွေကို ပညာရေးဘုတ်အဖွဲ့ မှ အထူးကျေးဇူးတင်ရှိပါတယ်၊" ဟု Mr. DaCosta မှ ပြောကြားခဲ့သည်။ "ဘုတ်အဖွဲ့ဝင်တွေဟာဆိုရင် ကျွန်ုပ်တို့ရဲ့ မိသားစုတွေ၊ စီးပွားရေးလုပ်ငန်း ခေါင်းဆောင်တွေနဲ့ ရပ်ရွာအဖွဲ့အစည်းမှ လက်တွေဖော်ပါတနာတွေရဲ့ ပြောကြားချက်တွေကို နားဆင်ပေးဖို့အတွက် အချိန်အမြောက်အများ ပေးခဲ့ရပါတယ်။ ဒီတန်ဖိုးမဖြတ်နိုင်တဲ့ အပြန်အလှန်ပြောဆိုဆွေးနွေးမှုတွေအပေါ် အခြေခံပြီး ဒုတိယအကြိမ် နှစ်စဉ်ဆက်တိုက် အိမ်ခြံမြေအခွန်နှုန်းထားကို .10 mills လျော့ချပေးဖို့ ကျွန်ုပ်တို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။"

DeKalb ကောင်တီ ကျောင်းခရိုင် (*DCSD*) သည် အထွေထွေ ရန်ပုံငွေ (စီမံလည်ပတ်မှုပိုင်းဆိုင်ရာ ဘတ်ဂျက်လျာထားချက်ငွေ) $1.58 ဘီလီယံအပါအဝင် ရန်ပုံငွေ အားလုံးအတွက် $2.05 ဘီလီယံ တန်ဖိုးရှိသော ဘတ်ဂျက်လျာထားချက်အား အဆိုပြုခဲ့သည်။ ဘတ်ဂျက်လျာထားချက်ဆိုင်ရာ အထူးအချက်များတွင် ပါဝင်သည်များမှာ -

- ဝန်ထမ်းထိန်းသိမ်းထားနိုင်ရေး နှင့် အသစ်ငှားရမ်းခန့်အပ်မှုဆိုင်ရာ မက်လုံးများ အား ဘုတ်အဖွဲ့ မှ မေလတွင် ထောက်ခံခွင့်ပြုပေးခဲ့သည်။
- STEP အတွက် အရည်အချင်းပြည့်မီသော ဝန်ထမ်းများ အားလုံးအတွက် STEP တိုးမြှင့်မှုများ။
- ကျွန်ုပ်တို့ ဆရာ၊ဆရာမများ၏ လစာ စာရင်းအား အရှိန်အဟုန်ဖြင့် ပြန်လည်ဖွဲ့စည်းတည်ဆောက်မှု၊ ဆရာ၊ဆရာမများ၏ လစာများအား ပျမ်းမျှ 6.1% တိုးမြှင့်စေခဲ့သည်။
- ပေးလျော်မှု နှင့် အမျိုးအစားခွဲမှုဆိုင်ရာ လေ့လာမှု ရလဒ်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ သင်ကြားရေးပိုင်းမဟုတ်သော လစာများ၏ 97% အား 5.0-5.5% အထိ တိုးမြှင့်စေခဲ့သည်။

-နောက်တစ်မျက်နှာ-

- နောက်ထပ်သော အစောပိုင်း သင်ယူလေ့လာမှု စာသင်ခန်းများ။
- Horizon စာသင်ကျောင်းများအတွက် ဆက်လက်၍သော ဖြည့်စွက် ပံ့ပိုးထောက်ပံ့မှု။
- IGNITE Teacher Residency Program (ဆရာ၊ဆရာမ နေအိမ် အစီအစဉ်) အား ဆက်လက်တိုးချဲ့ မှု။
- မူလတန်းကျောင်း တစ်ကျောင်းချင်းစီအတွက် လုံခြုံရေးဆိုင်ရာ တွဲဖက်တာဝန်ရှိသူတစ်ဦး။
- အထက်တန်းကျောင်း တစ်ကျောင်းချင်းစီအတွက် စီနီယာ အကြံပေးအတိုင်ပင်ခံများ။

DCSD အနေနှင့် နည်းစနစ်ကျသော ငွေကြေးပိုင်း စီမံရေးဆွဲမှုများ၊ ထို့ပြင် ရပ်ရွာအဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများတို့နှင့်အတူ ဝန်ထမ်းများ နှင့် ကျောင်းသားများ ရှင်သန်ရပ်တည်နိုင်မည့် ပတ်ဝန်းကျင်တစ်ခုအား ပျိုးထောင်ဖွဲ့စည်းပေးသွားရန် ဆက်လက် ကတိကဝတ်ပြု ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

DCSD ၏ FY25 ဘတ်ဂျက်ငွေလျာထားချက်နှင့်ပတ်သက်၍ ခြုံငုံသုံးသပ်ချက်အား ဖော်ပြထားသည့် ဘုတ်အဖွဲ့၏ တင်ပြမှုအား ဤတွင်ကြည့်ရှုနိုင်ပါသည်။

DCSD FY25 စုစုပေါင်း ဘတ်ဂျက်ငွေလျာထားချက် နှင့်ပတ်သက်သော အချက်အလက်များအား ဤတွင်ကြည့်ရှုနိုင်ပါသည်။

XXX